
လူစားလဲသည့် ... ည
ဇော်မင်းအောင်

# လူစားလဲသည့် ည

လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုခန့်သောအခါက ကျော်စွာတစ်ယောက် မြို့အပြင်တွင် ရှိသော သူ၏ မိသားစုအပိုင် စိန်တစ်လုံး သရက်ပင်များ နှင့် အခြား သစ်ပင် ပန်းမန်တို့ ရောပြွမ်း စိုက်ပျိုးထားရာ ခြံကြီးသို့ သူငယ်ချင်းဖြစ်သူ စိုးမြင့်နှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် ထွက်သွားခဲ့ဖူး၏။ ထိုစဉ်က စိန်တစ်လုံး သရက်ပင်များ အဓိက စိုက်ပျိုးရာ အရိပ်အာဝါသ ကောင်းမွန် လှစွာသော ငါးဧက အကျယ်အဝန်းရှိ ထိုခြံကြီးတွင် ခန့်ထားသော အလုပ်သမား ခြံစောင့်မှာ အကြောင်းကိစ္စ တစ်ခုကြောင့် သူ၏ ရွာသို့ ခွင့်ယူ ပြန်သွားသဖြင့် ခြံရှိ အစောင့်ခွေး ဆယ့်သုံးကောင်အား အစာကျွေးမည့်သူ မရှိပေ။ ထို့ကြောင့် သူ၏ ဖခင်ကြီး ဦးသိန်းလှိုင်က ခြံစောင့်ခွေးများကို အစာရေစာ ကျွေးမွေးရန် အလို့ ငှာ ထိုနေရာသို့ စေလွှတ် လိုက်လေလျှင် ကျော်စွာအနေဖြင့် မငြင်းသာတော့ဘဲ စိုးမြင့်ဟူသည့် သူငယ်ချင်းကို ခေါ်ကာ မိမိတို့ စိုက်ပျိုး သရက်ခြံကြီးသို့ ထွက်ခွာလာခဲ့ကြခြင်း ဖြစ်လေသည် ။

မြို့အပြင်ရှိ ခြံကြီးသို့ ရောက်သောအခါ ကျော်စွာတို့ မှာ အသင့်ပါလာသော ခွေးစာများအား ခြံစောင့်ခွေး ကြီးငယ်များကို ကျွေးမွေးကြပြီး သကာလ မိမိတို့ သောက်စားဖို့ ရန် ဝယ်ယူလာခဲ့သော အရက်ပုလင်းတစ်လုံးနှင့် အမြည်းများကို ထုတ်ယူလိုက်ကာ ခြံစောင့်တဲထဲ နှစ်ယောက်ဝိုင်းဖွဲ့ ထိုင်လိုက်ကြ၏။ ထို့နောက် သူတို့ သည် အရက်သောက်လိုက်

အမြည်းစားလိုက်ဖြင့် ရောက်တတ်ရာရာ ပြောဆို လာခဲ့ကြပြီးနောက် ပျင်းပျင်းရိရိ ရှိလာခဲ့ကြသည် နှင့်အညီ သဘာဝလွန် ဖြစ်ရပ်များ နှင့် ဆက်နွယ်လျက် ရှိသော ကြားဖူးနားဝ ဇာတ်လမ်းများ ဆီ စကားကြောင်းလမ်း ရောက်ရှိလာခဲ့လေသည် ။

ဤအခါမှာ ကျော်စွာက ယခု မိမိတို့ သရက်ခြံကြီး အပြင်ဘက် မျက်စောင်းထိုး လမ်းထောင့်တစ်နေရာရှိ နှစ်ချို့ မန်ကျည်းပင်ကြီး တစ်ပင်၏ အောက်တည့်တည့်သည် မည်သို့ ဖြစ်သည် မသိ၊ ယာဉ်မော်တော်များ ခဏခဏ အက်စီးဒင့်ဖြစ်ကာ လူအသေအပျောက် ကြမ်းလှကြောင်း စိုးမြင့်အား ဖွင့်ဟ ပြောပြ၏။ ထိုအထဲကမှ အခါတစ်ပါးတွင် ဤခြံကို အလည်လာစဉ်တုန်းက ထိုမန်ကျည်းပင်ကြီး အောက်အရောက် ရုတ်တရက် စက်ရပ်သွားခဲ့သော ကုန်တင်ကားကြီးတစ်စီး အကြောင်းမှာလည်း ကျော်စွာကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပေမို့ ထိတ်လန့်ဖွယ်ရာကောင်းလွန်းလှသည် ။ အကြောင်းမှာ ထိုအချိန်က စက်ချို့ယွင်းသွားသော ကား၏ အောက် ဝင်ရောက်ကာ ထိုကားဒရိုင်ဘာခမျာ ပြဿနာရင်းမြစ် ဖွေရှာနေစဉ်တွင် အဆိုပါ ကားကြီးမှာ မောင်းနှင်သူ မရှိပါဘဲ နေရာမှ ဗြုန်းစား ထထွက်သွားသောကြောင့် ထိုလူခမျာ ကုန်ကားဘီးအကြိတ်ခံရကာ အသေဆိုးဖြင့် သေဆုံး သွားခဲ့ခြင်းကြောင့်ပင်။

ထိုသို့ ခြံအနီးဝန်းကျင်ရှိ ခိုက်သည် ဟု ယူဆရမည့် မန်ကျည်းပင်ကြီး အကြောင်းမှ စ၍ အခြားသော ဖြစ်ရပ်ဆန်းကြယ် ကိစ္စများ သို့ တောင်ရောက် မြောက်ရောက် ပြောဆိုလာကြရင်း ညနေပိုင်းသို့ တိုင်အောင် ရောက်မှန်းမသိ ရောက်ရှိ လာခဲ့လေသည် ။ ဤအခါတွင် နှစ်ယောက်သားလည်း အတော်အတန် မူးဝေလာကြပြီ ဖြစ်သော်ငြားအာသာမပြေသေးသလို ရှိနေသဖြင့် အရက်နောက်တစ်လုံး ထပ်ဝယ်ခြမ်းရန်နှင့် ခြံစောင့်တဲမှာ ပင် မအိပ်စဖူး ညအိပ်ကြရန် တိုင်ပင်မိကြ၏။

"အဲဒါဆို ကျော်စွာ... ငါ မင်းဆိုင်ကယ်နဲ့ အရက်တစ်လုံး ပြေးဝယ်လိုက်မယ်။ ဒီအနီးအနား အရက်ဝယ်လို့ ရတဲ့ ဆိုင်တစ်ဆိုင်ဆိုင်တော့ ရှိမှာပဲလေ..."

"အေး... စိုးမြင့်၊ အဲဒီအစီအစဉ် ကောင်းတယ် သူငယ်ချင်း။ ရော့ကွာ... ဆိုင်ကယ်သော့။ သိပ်လည်း ကြာမနေနဲ့ ဦး..."